# အမှာစာ

ယနေ့အချိန်အခါသည် နှစ်ဆယ့်တစ်ရာစု၏ ပညာရှေ့ခေတ်ကို ထုဆစ်ဖန်တီးပေးကြမည့် ဗိသုကာများကို မွေးထုတ်ပေးရန် ကြိုးစားနေသည့် အချိန်သမယဖြစ်ပေသည်။ ပညာရှေ့ခေတ်၏ ဗိသုကာကောင်းများသည် ခေတ်နှင့်အမီ တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့အဆင့်မီသိပ္ပံနှင့် နည်းပညာရပ်များကို လေ့လာဆည်းပူးနိုင်ရေးအတွက် ကမ္ဘာသုံးအင်္ဂလိပ်စာကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ကြရန် အထူးလိုအပ်ပေသည်။ ထို့ကြောင့် ယနေ့လူငယ်ကျောင်းသားများ အပါအဝင် ပြည်သူအများစုက အင်္ဂလိပ်စာကို စိတ်ဝင်တစားလေ့လာဆည်းပူးနေကြခြင်းမှာ နိုင်ငံနှင့်လူမျိုးအတွက် အားတက်ဖွယ်ရာပင်ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် ထိုထိုသော အင်္ဂလိပ်စာ သင်ယူလေ့လာနေကြသူများအတွက် အားထားနည်းယူဖွယ်ရာ အထောက်အကူပြု စာအုပ်စာတမ်းများသည် ပို၍ပို၍ လိုအပ်လာပေသည်။ ယင်းလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းကူညီပေးရန်အလို့ငှာ ဆရာကြီးလှသမိန်၏ **ENGLIGH USAGE(အင်္ဂလိပ်နာမဝိသေသနများ)**စာအုပ်သည် အချိန်မီအခါမီ ပေါ်လာသဖြင့် ဝမ်းမြောက်ဂုဏ်ယူရပေသည်။ ထို့အတူ ရေးသားပြုစုသူ ဆရာကြီးနှင့် ထုတ်ဝေဖြန့်ချိသူ ပတ္တမြားငမောက်စာပေတို့ကို ကျေးဇူးအထူးတင်ထိုက်လှပေသည်။

အင်္ဂလိပ်သဒ္ဒါကျမ်းတွင် **VERB(ကြိယာ)**ပြီးလျှင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည့် ဝါစင်္ဂမှာ **ADJECTIVE (နာမဝိသေသန)**များပင်ဖြစ်သည်။ နာမဝိသေသနသည် နာမ်ကို တစ်မူထူးခြားသွားအောင် အရောင်တင်ပေးနိုင်သော စွမ်းအားရှိသဖြင့် နာမဝိသေသနကို ပိုင်နိုင်စွာ အသုံးပြုနိုင်သည်နှင့်အမျှ ရေးသားလိုက်သော **SENTENCE(ဝါကျ)**သည် ပိုမိုပြည့်စုံ လှပလာနိုင်ပေသည်။ နာမဝိသေသန၏ ဂုဏ်ရည်ထူးမှာ နာမ်ကို အထူးပြုနိုင်ရုံသာမဟုတ်၊ **VERB TO BE**နှင့် ပေါင်းစပ်ကာ **VERB** အဖြစ်လည်းကောင်း၊ **LY** နှင့်ပေါင်းစပ်ကာ **ADVERB (ကြိယာဝိသေသန)**အဖြစ်လည်းကောင်း အသုံးပြုနိုင်ပေသည်။ ထို့ကြောင့် **ADJECTIVE** တစ်လုံးကိုသိရုံမျှနှင့် **ADJECTIVE, VERB** နှင့် **ADVERB** ဟူသော ဝါစင်္ဂ(၃)မျိုးကိုပင် ဖန်တီးရယူနိုင်ပေသည်။

ဥပမာ– **beautiful** = လှပသော
**is beautiful** = လှပသည်
**beautifully** = လှပစွာ

ဤသို့ အင်္ဂလိပ်သဒ္ဒါတွင် အရေးပါလှသော နာမဝိသေသနများကို ဆရာကြီးသည် နှစ်ကာလများစွာ အချိန်ယူ စုဆောင်းလေ့လာထားပြီးမှ ယခုအခါ တစ်စုတစ်ပေါင်းတည်းပြုစု၍ ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်ရာ ထိုစာအုပ်၏ အသုံးဝင်ပုံနှင့် အရည်အသွေးမှာ သူ၏ ယခင် အင်္ဂလိပ်စာအထောက်အကူပြုစာအုပ်များ ကဲ့သို့ပင် အားထားကိုးစားနိုင်ကြမည်ဖြစ်ပေသည်။ ဤစာအုပ်၏ နောက် ထူးခြားချက်မှာ အင်္ဂလိပ်စာလေ့လာသူတို့အဖို့ သက်ဆိုင်ရာ **ADJECTIVE (နာမဝိသေသနများ)**ကို ဖော်ပြရာတွင် ယင်းနာမဝိသေသန၏ အသုံးပြုပုံ နမူနာများကို တွဲဖက်ပြထားခြင်းပင် ဖြစ်ပေသည်။ ဤအချက်သည် ဆရာကြီး၏ စေတနာကို ထင်ဟပ်ပြနေပေသည်။ အကြောင်းမူကား အင်္ဂလိပ်စာကျွမ်းကျင်တတ်မြောက်ရန်မှာ သက်ဆိုင်ရာ နာမ်၊ နာမ်စား၊ ကြိယာ၊ နာမဝိသေသန စသည့် ဝါစင်္ဂများကို သိထားရုံ၊ နားလည်ထားရုံနှင့် မပြီးသေးဘဲ ယင်းတို့၏ အသုံးချပုံ **USAGE** ကိုပါ နားလည်သဘောပေါက်ထားမှ ဖြစ်နိုင်၊ ရနိုင်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဤစာအုပ်ကို လေ့လာဖတ်ရှုသူများအနေဖြင့် ကိုးကားမှီငြမ်းစရာ အဘိဓာန် **DICTIONARY** အနေဖြင့်လည်းကောင်း၊ စကားလုံးအသုံးအနှုန်းလမ်းညွှန် အနေဖြင့်လည်းကောင်း လိုရာသုံးစွဲနိုင်သော အခွင့်ထူးကို မလွဲဧကန် ရကြမည် ဖြစ်ပေသည်။

မည်သို့ဆိုစေ ဤစာအုပ်သည် အင်္ဂလိပ်စာ လေ့လာသူတိုင်း မရှိမဖြစ် ဖတ်ရှုလေ့လာသင့်သော လက်စွဲစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်ကား အမှန်ပင်ဖြစ်ပေသည်။

ဦးဝမ်ထိန်